**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၁-၅-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၈/၂၀၁၈ နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ**

၁။ နိုင်ငံတော်ကရယူသည့် ထောက်ပံ့ငွေများ (Grant Aid) သို့မဟုတ် တရားဝင်ဖွံ့ဖြိုးမှုအကူအညီ ချေးငွေ (Official Development Assistant Loan - ODA Loan) ဖြင့် ဆောင်ရွက်နေသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများအတွက် အခွန်ဆိုင်ရာကင်းလွတ်ခွင့်များနှင့် စပ်လျဉ်း၍ ရည်ညွှန်းပါအမိန့်ကြော်ငြာစာကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနက ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာအရ တစ်ဦးချင်းပုဂ္ဂိုလ်များ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအနေဖြင့် အခွန်ကင်းလွတ်ခွင့်များရယူရာတွင် ရှင်းလင်းလွယ်ကူစွာလိုက်နာ ဆောင်ရွက်နိုင်ရန် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်သတ်မှတ်ခြင်းဖြစ်ပါသည်။

၂။ နိုင်ငံတော်က ရယူသည့် **ထောက်ပံ့ငွေ (Grant Aid)** ဖြင့် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းများ တွင် ငွေပေးချေသည့်အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှု ဆောင်ရွက်သူများနှင့် လစာဝင်ငွေရရှိသည့် ဝန်ထမ်းများအနေဖြင့် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည် -

(က) အမိန့်ကြော်ငြာစာအမှတ်၊ ၃၈/၂၀၁၈ ၏ အပိုဒ် ၂၊ အပိုဒ်ခွဲ (က) ပါပြဋ္ဌာန်းချက်အရ မြန်မာနိုင်ငံသားမှအပဖြစ်သော ဝန်ထမ်းများ၏လစာဝင်ငွေအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသားမှအပဖြစ်သော ဝန်ထမ်းဆိုသည်မှာ ထောက်ပံ့ငွေ (Grant Aid) သက်သက်ဖြင့် ဆောင်ရွက်သော စီမံကိန်းတွင် လုပ်ကိုင်ဆောင်ရွက်ခြင်း အတွက် လစာဝင်ငွေတစ်မျိုးတည်းကိုသာ ရရှိသည့် မြန်မာနိုင်ငံသား မဟုတ်သော ဝန်ထမ်းကိုဆိုလိုခြင်း ဖြစ်ပါသည်။ ထောက်ပံ့ငွေ (Grant Aid) ဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းအပြင် မြန်မာနိုင်ငံအတွင်း အခြားလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက်ပါ လစာဝင်ငွေရရှိသည့် ဝန်ထမ်းဖြစ်ပါက ယင်းဝန်ထမ်း၏ လစာဝင်ငွေတစ်ခုလုံးအပေါ် လစာဝင်ငွေခွန် ကင်းလွတ်ခွင့်ရရှိမည် မဟုတ်ပါ။

(ခ) အမိန့်ကြော်ငြာစာအမှတ်၊ ၃၈/၂၀၁၈ ၏ အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သည့် ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှု ဆောင်ရွက်သူများ၏ ရရှိသည့်ဝင်ငွေအပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပါသည်။ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည့်အတွက် ငွေပေးချေသူ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများက ယင်းတို့အား ပေးချေငွေအပေါ်တွင် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်အား ဖြတ်တောက်ပေးသွင်းရန် မလိုအပ်ပါ။

(ဂ) အမိန့်ကြော်ငြာစာအမှတ်၊ ၃၈/၂၀၁၈ ၏ အပိုဒ် ၂၊ အပိုဒ်ခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်အရ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သည့် ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှု ဆောင်ရွက်သူများအနေဖြင့် စီမံကိန်းလုပ်ငန်းတွင် အသုံးပြုရန် ပြည်ပမှ တင်သွင်းလာသည့် ကုန်စည်များအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပါသည်။ အဆိုပါကင်းလွတ်ခွင့်သည် ထောက်ပံ့ငွေ (Grant Aid) သက်သက်ဖြင့် ဆောင်ရွက်

သော စီမံကိန်းအတွက် တင်သွင်းသည့် ကုန်စည်များအပေါ် ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကိုသာ ဆိုလိုခြင်းဖြစ်ပါသည်။

(ဃ) အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၈ ၏ အပိုဒ် ၂၊ အပိုဒ်ခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့် အပိုဒ် ၇ ပါ ပြဋ္ဌာန်းချက်တို့အရ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သည့် ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှု ဆောင်ရွက်သူများအနေဖြင့် ပြည်တွင်းတွင် ကုန်စည် ဝယ်ယူခြင်း နှင့် ဝန်ဆောင်မှုရယူခြင်းတို့အတွက် ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန် (Input tax) နှင့် ကုန်စည်ရောင်းချခြင်းနှင့် ဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်းတို့အတွက် ကောက်ခံပေးရမည့် ကုန်သွယ်လုပ်ငန်းခွန် (Output tax) တို့အား ကင်းလွတ်ခွင့် ရရှိ မည်ဖြစ်ပါသည်။

၃။ နိုင်ငံတော်က ရယူဆောင်ရွက်သည့် **တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ** (Official Development Assistant Loan - ODA Loan) ဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သော နိုင်ငံတော်က ပေးချေသည့်အတိုးအတွက် ပင်ရင်းမှနုတ်ယူရန် တာဝန်ရှိသူများ၊ လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီများ၊ အကြံပေးများနှင့် ဝန်ဆောင်မှုဆောင်ရွက်သူများအနေဖြင့် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါ သည် -

(က) အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၈ ၏ အပိုဒ် ၃၊ အပိုဒ်ခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်က ပြည်ပနိုင်ငံများထံမှ ရယူသော ချေးငွေအတွက် ပြန်လည်ပေးဆပ်ရသည့် အတိုးငွေအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပါသဖြင့် ယင်းအတိုးပေးချေငွေ အပေါ် ပင်ရင်းမှနုတ်ယူသည့်အခွန် ဖြတ်တောက်နုတ်ယူပေးသွင်းရန် မလိုအပ်ပါ။ သို့ရာတွင် စီမံကိန်း ဆောင်ရွက်သည့် ကုမ္ပဏီများက ရယူသည့် ချေးငွေများအပေါ် ပြန်လည်ပေးဆပ်ရသည့် အတိုးငွေသည် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိမည် မဟုတ်ပါ။

(ခ) အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၈ ၏ အပိုဒ် ၃၊ အပိုဒ်ခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ စီမံကိန်းလုပ်ငန်းများဆောင်ရွက်သည့် ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှုဆောင်ရွက်သူများအနေဖြင့် စီမံကိန်းလုပ်ငန်းတွင် အသုံးပြုရန် ပြည်ပမှ တင်သွင်းလာသည့် ကုန်စည်များအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပါသည်။ အဆိုပါ ကင်းလွတ်ခွင့်သည် တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ (ODA Loan) သက်သက်ဖြင့် ဆောင်ရွက်သော စီမံကိန်းအတွက် တင်သွင်းသည့် ကုန်စည်များအပေါ် ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ကိုသာ ဆိုလိုခြင်းဖြစ်ပါသည်။

(ဂ) အမိန့်ကြော်ငြာစာအမှတ်၊ ၃၈/၂၀၁၈ ၏ အပိုဒ် ၃၊ အပိုဒ်ခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့် အပိုဒ် ၇ ပါ ပြဋ္ဌာန်းချက်တို့အရ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သည့် ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှုဆောင်ရွက်သူများအနေဖြင့် ပြည်တွင်းတွင် ကုန်စည်ဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းတို့အတွက် ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန် (Input tax) နှင့် ကုန်စည်ရောင်းချခြင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်သွယ် လုပ်ငန်းခွန် (Output tax) တို့အား ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပါသည်။

၄။ မူလကန်ထရိုက်တာများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများအားလုံးသည် အမိန့်ကြော်ငြာစာ ၃၈/ ၂၀၁၈ အကျိုးသက်ရောက်သည့် ၂၀၁၈ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့မှ စတင်၍ အထက်အပိုဒ် ၂ နှင့် ၃ ပါ ကင်းလွတ်ခွင့်များကို ခံစားခွင့်ရရှိမည်ဖြစ်ပါသည်။

၅။ ထောက်ပံ့ငွေ (Grant Aid) နှင့် တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ (Official Development Assistant Loan - ODA Loan) တို့ဖြင့် ဆောင်ရွက်သော စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်သော ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် စီမံကိန်းလုပ်ငန်းအတွက် တရားဝင်သဘောတူစာချုပ်တစ်ရပ်ရပ် ချုပ်ဆို၍ ဆောင်ရွက်သည့်ကိစ္စရပ်များကိုသာ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် ရရှိမည် ဖြစ်ပါသည်။ တရားဝင်သဘောတူစာချုပ်တစ်ရပ်ရပ် ချုပ်ဆိုဆောင်ရွက်ထားခြင်း မရှိဘဲ ကုန်စည်များ၊ ကုန်ကြမ်းများ၊ ဝန်ဆောင်မှုများကို ဈေးဝယ်သည့် (shopping) သဘောကဲ့သို့ ဝယ်ယူခြင်း၊ ဝန်ထမ်း များက ဟိုတယ်များ၊ စားသောက်ဆိုင်များတွင် နေထိုင်စားသောက်ခြင်း၊ လျှပ်စစ်ခ၊ မီတာခ နှင့် ဖုန်းပြောဆိုမှုများအတွက် ငွေပေးချေခြင်းနှင့် ကုန်တိုက်များတွင် အသုံးအဆောင်များ၊ စားသောက်ကုန် များ ဝယ်ယူခြင်းစသည့် ကုန်စည်များနှင့် ဝန်ဆောင်မှုများ ရယူခြင်းဖြစ်ပါက ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ရရှိမည်မဟုတ်ပါသဖြင့် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံမှ ပြန်အမ်းငွေ သို့မဟုတ် အခွန်ခုနှိမ်ခွင့် ရရှိမည်မဟုတ်ပါ။

၆။ အမိန့်ကြော်ငြာစာအမှတ်၊ ၃၈/၂၀၁၈ စတင် အကျိုးသက်ရောက်သည့် ၂၀၁၈ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့ နောက်ပိုင်း စာချုပ်ချုပ်ဆို ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းအတွက် အခွန်ကင်းလွတ်ခွင့်များ နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရန် လိုအပ်ခြင်းမရှိတော့ပါသဖြင့် အခွန်ကင်းလွတ်ခွင့်များ ရယူရာတွင် စနစ်တကျဖြစ်စေရေး ကိစ္စရပ်တစ်ခုချင်းအလိုက် **"သတ်မှတ်ထားသည့် အထောက်အထားများ"**နှင့်အတူစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်တွင်းအခွန်များဦးစီး ဌာန၏ **"သက်သေခံလက်မှတ်"**အား ရယူဆောင်ရွက်ရမည် ဖြစ်ပါသည်။

၇။ ထောက်ပံ့ငွေ (Grant Aid) ဖြင့် ဆောင်ရွက်သည့် စီမံကိန်းများတွင် လုပ်ကိုင်ကြသည့် မြန်မာနိုင်ငံသားမှအပဖြစ်သော ဝန်ထမ်းများ၏ **လစာဝင်ငွေခွန်** ကင်းလွတ်ခွင့်အတွက် သက်ဆိုင်ရာကုမ္ပဏီက **"သက်သေခံလက်မှတ်"** လျှောက်ထားရာတွင် တင်ပြရမည့် **"သတ်မှတ်ထားသည့် အထောက်အထား"** များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) စီမံကိန်းတွင် ဆောင်ရွက်သော ဝန်ထမ်းဖြစ်ကြောင်း မူလ သို့မဟုတ် တစ်ဆင့်ခံကုမ္ပဏီ၏တင်ပြစာ၊ ( ယင်းတင်ပြစာနှင့်အတူ ကုမ္ပဏီသည် မူလကုမ္ပဏီဖြစ်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ထောက်ခံစာ၊ တစ်ဆင့်ခံကုမ္ပဏီဖြစ်ပါက မူလကုမ္ပဏီ၏ ထောက်ခံစာနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ထောက်ခံစာ ပူးတွဲ၍ တင်ပြရန်၊)

(ခ) စီမံကိန်းသည် ထောက်ပံ့ငွေများ (Grant Aid) ဖြင့် ဆောင်ရွက်သည့် စီမံကိန်းဖြစ်ကြောင်း မူလကုမ္ပဏီ၏ တင်ပြစာ၊

(ဂ) စီမံကိန်းသည် ထောက်ပံ့ငွေများ (Grant Aid) ဖြင့် ဆောင်ရွက်သည့် စီမံကိန်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ထောက်ခံချက်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ထောက်ခံချက်၊

၈။ မူလကန်ထရိုက်တာများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများအနေဖြင့် မိမိတို့ ဆောင်ရွက်နေသည့် လုပ်ငန်းတစ်ခုသည် အခွန်ကင်းလွတ်ခွင့်အတွက် **“သက်သေခံလက်မှတ်”** လျှောက်ထားရာတွင် တင်ပြရမည့် **“သတ်မှတ်ထားသည့်အထောက်အထား”** များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မိမိဆောင်ရွက်သည့် လုပ်ငန်းတစ်ခုသည် “နိုင်ငံတော်က ရယူဆောင်ရွက်သည့် ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် တရားဝင်ဖွံ့ဖြိုးမှု အကူအညီချေးငွေ (Official Development Assistant Loan - ODA Loan) တို့ဖြင့် ဆောင်ရွက်သည့် စီမံကိန်းဖြစ်ကြောင်း -

(၁) သက်ဆိုင်ရာကုမ္ပဏီ၏ တင်ပြစာ၊

(၂) သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်၊

(၃) သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ရယူထားသည့် ထောက်ပံ့ငွေအတွက် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန သို့မဟုတ် ချေးငွေအတွက် ငွေတိုက်ဦးစီးဌာန၏ ထောက်ခံချက်၊

(ခ) မူလကန်ထရိုက်တာဖြစ်ပါက သက်ဆိုင်ရာဌာနနှင့် ချုပ်ဆိုထားသည့် လုပ်ငန်းသဘောတူ စာချုပ်၊

(ဂ) တစ်ဆင့်ခံကန်ထရိုက်တာဖြစ်ပါက မူလကုမ္ပဏီနှင့် ချုပ်ဆိုထားသည့်စာချုပ်နှင့် မူလကုမ္ပဏီ၏ ထောက်ခံချက်၊

(ဃ) သွင်းကုန်ပါမစ်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်အတွက် အကောက်ခွန်ဦးစီးဌာန၏ သဘောထားမှတ်ချက်၊

(င) ယာဉ်၊ ယန္တရားနှင့် စက်ပစ္စည်းများ ဝယ်ယူခြင်းအတွက် ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ (Development Assistant Coordination Unit-DACU) ၏ သဘောတူညီချက်၊

၉။ ဆောင်ရွက်သည့်စီမံကိန်းသည် နိုင်ငံတော်က ရယူသည့် ထောက်ပံ့ငွေ (Grant Aid) နှင့် တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ (Official Development Assistant Loan-ODA Loan) နှစ်ရပ်စလုံးဖြင့် ဆောင်ရွက်သည့်စီမံကိန်းဖြစ်ပါက တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းကဲ့သို့ သတ်မှတ်၍ ဆောင်ရွက်ရန်ဖြစ်ပြီး တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေဖြင့် ဆောင်ရွက်ရာတွင် ရရှိသည့် ကင်းလွတ်ခွင့်များကိုသာ ခံစားရရှိမည်ဖြစ်ပါသည်။

၁၀။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ်၊ ၃၈/၂၀၁၈ သည် ၂၀၁၈ ခုနှစ်၊ ဖွန်လ (၁) ရက်နေ့မှစတင်၍ အကျိုးသက်ရောက်သဖြင့် ယင်းနေ့မတိုင်ခင်က စာချုပ်ချုပ်ဆို၍ ဆောင်ရွက် ခဲ့သည့်ကိစ္စရပ်များသည် နိုင်ငံတော်သမ္မတရုံး၏ ၅-၁၀-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၁၀၀(၁) /၇/သမ္မတရုံး ပါ ညွှန်ကြားချက်နှင့်အညီ ချုပ်ဆိုထားသည့်ကိစ္စရပ်များဖြစ်ပါက အခွန်ကင်းလွတ်ခွင့်ရရှိရန် ယခင် အတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြလျှောက်ထားရမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ ဖွန်လ (၁) ရက်နေ့ နောက်ပိုင်း ကိစ္စရပ်များဖြစ်ပါက အမိန့်ကြော်ငြာစာ အမှတ်၊ ၃၈/၂၀၁၈ ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန